# Kanazawa University

Kanazawa တက္ကသိုလ်ဟာ Human sociology, Science and engineering, Medical health science အစရှိတဲ့ ပညာရပ်နယ်ပယ်သုံးခုမှာ ဘာသာရပ်အမျိုးပေါင်း ၁၆ မျိုးရှိတဲ့ ဘွဲ့ဒီဂရီများ၊ ဘွဲ့လွန်သုတေသနဘာသာရပ် ၆ မျိုးနှင့် ကင်ဆာသုတေသနဌာနစသည့်တို့ ပါဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံပိုင်တက္ကသိုလ်ဖြစ်ပါတယ်။

အဆင့်မြင့်ပညာရေးနှင့် ပညာရေးဆိုင်ရာသုတေသနတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းလျက်ရှိတဲ့ ဂျပန်ပင်လယ်ဘက်အခြမ်းတွင် အဓိကတက္ကသိုလ်တစ်ခုအဖြစ်ကြီးလေးသောတာဝန်များကိုထမ်းရွက်လျက်ရှိပြီး ယခုအခါနိုင်ငံအနှံ့အပြားမှ တက္ကသိုလ်ကျောင်းသားပေါင်း တစ်သောင်းကျော် စုဝေးသင်ယူလျက်ရှိပါတယ်။

### နိုင်ငံတကာဆက်ဆံရေး

ကမ္ဘာ့ပေါ်မှ နိုင်ငံပေါင်း ၄၃ နိုင်ငံရှိ နေရာဒေသအသီးသီးမှ နိုင်ငံခြားပညာသင်ကျောင်းသားများ ၅၈၅ ဦးမှာလည်း ဤတက္ကသိုလ်တွင် အသီးသီးသော ရည်မှန်းချက်ကိုယ်စီဖြစ်မြောက်ရေးအတွက် လေးလေးနက်နက်သင်ယူလျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ပြီးပြည့်စုံသော တစ်ကမ္ဘာလုံးဆိုင်ရာတက္ကသိုလ် ဖန်တီးမှုစီမံကိန်းဝင် တက္ကသိုလ် (Super global university Creation Support Project-SGU)အဖြစ်ချမှတ်ခြင်းခံရပြီး ပညာရေးနှင့် သုတေသနနယ်ပယ်တွင် ပိုမိုကောင်းမွန်သော Internationalization ဖြစ်လာရန်အတွက်တိုးမြင့်ဆောင်ရွက်လျက်ရှိသည်။

### Kanazawa မြို့

နှစ်ပေါင်း ၄၀၀ ကျော်သမိုင်းကြောင်းရှိသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံ၏ အဓိက သုံးနေရာဖြစ်သည့် ဥယျာဉ်တော်များတွင် အပါအဝင်ဖြစ်သော Kenrokuen ပန်းခြံအပြင်၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များစွာ ပိုင်ဆိုင်သော ခရီးသွားမြို့အဖြစ်လည်း ကျော်ကြားသည်။

ကျောင်းသားများစွာဖြင့် စည်ကားလျက်ရှိသော မြို့ဖြစ်သည်။ ခရိုင်အတွင်း အဆင့်မြင့်ကျောင်းစုစုပေါင်း ၁၉ ကျောင်းရှိပြီး လူဦးရေနှင့်နှိုင်းယှဉ်ပါက များပြားသောအရေအတွက်ဖြစ်သောကြောင့် ကျိုတိုမြို့ပြီးလျှင် တစ်နိုင်ငံလုံးတွင် ဒုတိယနေရာလိုက်သော ပညာရေးထွန်းကားသည့် မြို့လည်းဖြစ်သည်။

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများ၏ အဓိကမြို့တော်ဖြစ်ပြီး လူဦးရေမှာ ၄ သိန်း ၇ သောင်းခန့်သာရှိသည်။ နေထိုင်ရအဆင်ပြေသောပတ်ဝန်းကျင်နှင့် သဘာဝအလှတရားများပြည့်နှက်လျက်ရှိပြီး မြို့တော်ကြီးများနှင့်နှိုင်းယှဉ်ပါက စရိတ်စကသက်သာစွာ နေထိုင်နိုင်မည်ဖြစ်သည်။



သဘာဝအလှတရားများ ပြည့်နှက်ကြွယ်ဝသောပတ်ဝန်းကျင်အတွင်း အဓိပ္ပာယ်ရှိသော နိုင်ငံခြားပညာသင်ဘဝကိုပိုင်ဆိုင်နိုင်မည့် စံပြုရလောက်သည့်မြို့တစ်မြို့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကျောင်းဝင်ခွင့်၊ ပညာသင်စားရိတ် စသည်တို့ကို အောက်ပါဝဘ်ဆိုက်များတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

Kanazawa တက္ကသိုလ် http://www.kanazawa-u.ac.jp/e/

Kanazawa တက္ကသိုလ်နိုင်ငံခြားပညာသင်ကျောင်းသားများဝင်ရောက်လေ့လာရန်
http://www.adm.kanazawa-u.ac.jp/ie/e/index.html

※အချက်အလက်အားလုံးမှာ ၂၀၁၇ အတွက် အသစ်ထုတ်ပြန်ထားသောအချက်အလက်များဖြစ်သည်။

# Nanzan University

### ❖ တက္ကသိုလ်သမိုင်းကြောင်း

၁၉၄၉ ခုနှစ်က စတင်တည်ထောင်ခဲ့ကာ ဌာနကြီး (၈)ခု၊ ဌာနခွဲ (၁၇)ခုရှိတဲ့ ပညာရပ်များစွာလေ့လာနိုင်တဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ နန်ဇန်းတက္ကသိုလ်ဟာ အခုဆိုရင် ဂျပန်နိုင်ငံကိုယ်စားပြုကတ်တရစ်တက္ကသိုလ်အနေနဲ့ ကျောင်းသားကျောင်းသူပေါင်း တစ်သောင်းကျော်ရပြီး ပညာတော်သင်ကျောင်းသား (၂၅၀) ကျော်ရှိပါတယ်။ ဘွဲ့နဲ့ ဘွဲ့လွန်ပညာရပ်များအပြင် နိုင်ငံခြားသား ကျောင်းသားကျောင်းသူများအတွက် အထူးဘာသာရပ်အတန်းများကိုလည်း စီစဉ်သင်ကြားပေးနေပါတယ်။ တက္ကသိုလ်ရဲ့ ပညာရေးဆိုင်ရာဆောင်ပုဒ်ကတော့ “ ဂုဏ်ယူဖွယ်ကြွားစရာ လူသားအဖြစ် ရှင်သနနေထိုင်နိုင်ရေး” ဖြစ်ပြီး ဒါကို လက်တွေ့အကောင်အထည်ဖော်ဆောင်ဖို့အတွက် ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုဖြစ်အောင် ရည်မှန်းထားပါတယ်။

### ❖ တက္ကသိုလ်ဘာသာရပ်များ

Faculty of Humanities, Faculty of Foreign Studies, Faculty of Economic, Faculty of Business Administration, Faculty of Law, Faculty of Policy Studies, Faculty of Science and Engineering, Faculty of Global Liberal Studies.

### ❖ ဘွဲ့လွန်ဘာသာရပ်များ

Graduate Program in Humanities, Graduate Program in International Area Studies, Graduate Program in Social Sciences, Graduate Program in Science and Engineering, Graduate Program in Law.

### ❖ နိုင်ငံခြားသားပညာတော်သင်များအတွက် ဘာသာရပ်များ

https://schoolappli-admin.jp/book/B263BXLV69-8518/book.html

### ❖ ပညာတော်သင်ကျောင်းသားကျောင်းသူများအတွက်ဝင်ခွင့်စာမေးပွဲ

လျှောက်လွှာတင်ရမည့်အချိန် ။ ။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်မှ (၁၃) ရက်အထိ

စာမေးပွဲဖြေဆိုရမည့်နေ့ ။ ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်

ဖြေဆိုရမည့်နေရာ ။ ။ Nanzan University

ဂျပန်ဘာသာတတ်မြောက်ခြင်းမရှိသော ကျောင်းသားကျောင်းသူများလည်း တက်ရောက်နိုင်တဲ့ Policity Study ဘာသာရပ်က AO ဝင်ခွင့်စာမေးပွဲ (ဂျပန်နိုင်ငံသို့ လာရောက်စာမေးပွဲ ဖြေဆိုစရာမလိုပဲ ဝင်ခွင့်လျှောက်လွှာစစ်ဆေးခြင်းဖြင့်သာ ကျောင်းဝင်ခွင့်ရရှိနိုင်သည်။) ရှိပါတယ်။ အသေးစိတ်သိလိုပါက စုံစမ်းမေးမြန်းရန်ဌာနမှာ မေးမြန်းနိုင်ပါတယ်။

### ❖ ထူးခြားချက

တက္ကသိုလ် Campus ထဲတွင် နိုင်ငံခြားဘာသာ မပြောရတဲ့နေရာကို သတ်မှတ်ထားတဲ့ Japan Plaza ရှိကာ သင်ခန်းစာပြင်ပမှာလည်း ဂျပန်ကျောင်းသားကျောင်းသူများနဲ့ စကားပြောနိုင်အောင် စီစဉ်ပေးထားပါတယ်။ Nagoya မြို့ပေါ်မှာ တည်ရှိပေမယ့် စိမ်းလန်းစိုပြည်တဲ့ ပတ်ဝန်းကျင်ရှိပြီး Chubu ဒေသမှာ စာအုပ်များစွာထားရှိတဲ့ ဂုဏ်ကို ဆောင်တဲ့ တက္ကသိုလ်စာကြည့်တိုက်၊ ကျယ်ဝန်းတဲ့ မြက်ခင်းပြင်နဲ့ စိမ်းစိုတဲ့ပတ်ဝန်းကျင်မှာ စာသင်ကြားနိုင်ပါတယ်။ ပညာတော်သင်ကျောင်းသားကျောင်းသူများလည်း ဂျပန်ကုမ္ပဏီ များမှာ အလုပ်အကိုင်ရရှိကြပါတယ်။

### ❖ မိမိစရိတ်နဲ့တက်ရောက်မယ့်ပညာတော်သင်များ (ဘွဲ့နှင့်ဘွဲ့လွန်) ရဲ့ စာသင်စရိတ

ကျောင်းအသုံးအဆောင်ပစ္စည်းစရိတ်နဲ့ လက်တွေ့လေ့လာမှုစရိတ်တွေကို ၅၀% အထိ ကင်းလွတ်ခွင့်ရရှိနိုင်ပါတယ်။

### ❖ စုံစမ်းရန်

intl-office@nanzan-u.ac.jp URL:http://www.nanzan-u.ac.jp/English/Index.html

# ရန်ကုန်မြို့တွင် ဂျပန်ပညာရေးပွဲတော် ၂၀၁၇ ကျင်းပခြင်း




ဖွင့်ပွဲအခမ်းအနားအမှတ်တရဓာတ်ပုံ



Seminar တွင်စိတ်ဝင်တစားနားထောင်နေသူများ



၈/၂၅ ဂျပန်ပညာရေးပွဲတော်မတိုင်မီ တက္ကသိုလ်များသို့သွားရောက်လည်ပတ်စဉ် (ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

Okayama တက္ကသိုလ်နှင့် Okayama University Japan Educational Information Center, Myanmar (OJEIC) သည် ၈ လပိုင်း ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ (ဂျပန်ပညာရေးပွဲတော် ၂၀၁၇)ကို ဦးဆောင်ကျင်းပခဲ့ရာ တက်ရောက်သူစုစုပေါင်း ၁၄၈၈ ဦးဖြင့် စည်စည်ကားကားပြီးဆုံးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် Okayama တက္ကသိုလ်မှ Executive Vice President for International affairs, Mr.Hiroshi KANZAKI ၏ နှုတ်ခွန်းဆက်စကားအပြင် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ သံအမတ်ကြီး Mr.Tateshi HIGUCHI, Myanmar Association of Japan Alumini (MAJA) မှ President Daw Si Si Shein ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် Mr. Pho Kaung, Mitsubishi Corporation Deputy Chief Representative for Myanmar မှ Mr. Hidetoshi MANO တို့တက်ရောက်ကာ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြပါတယ်။

ထို့အပြင် Seminar တွင် ဂျပန်ပညာသင်သွားခြင်းဆိုင်ရာနှင့်ဆက်နွယ်သော Presentation များအဖြစ် Okayama University Japan Educational Information Center, (OJEIC) မှ (ဂျပန်ပညာတော်သင်သွားခြင်းဆိုင်ရာအကြောင်းအရာများ)၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ (သံရုံးမှ ဂျပန်ပညာတော်သင်ကျောင်းသားများထောက်ပံ့မှု)၊ Myanmar Association of Japan Alumini (MAJA) မှ (Examination for Japanese University Admission for International Students(EJU), Japanese Language Profieciency Test (JLPT) စာမေးပွဲများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခြင်း)၊ ဂျပန်ကုမ္ပဏီများမှ (ဘွဲ့ရပြီးနောက် လျှောက်လှမ်းရမည့်လမ်းကြောင်းများ)အပြင် ဂျပန်ပညာတော်သင်ကျောင်းသားဟောင်းများမှ တစ်ဦးချင်းဆွေးနွေးနိုင်သော booth များတွင်လည်း ဂျပန်နိုင်ငံမှလာရောက်ပါဝင်သောအဖွဲ့အစည်း ၄၅ ဖွဲ့မှ ဂျပန်ပညာရေးပွဲတော်သို့ လာရောက်ကြသူများ၏ ဆွေးနွေးမှုများကို လက်ခံဆွေးနွေးပေးခြင်းများအပြင်၊ စာရွက်စာတမ်းဝေပေးသောနေရာ၊ ဂျပန်ယဉ်ကျေးမှုမိတ်ဆက်ပေးသောနေရာ၊ ဂျပန်ပညာသင်ကျောင်းသားဟောင်းများနှင့် လွတ်လပ်စွာဆွေးနွေးနိုင်သောနေရာများမှလည်း ဂျပန်နိုင်ငံအကြောင်း ပိုမိုစိတ်ဝင်စားလာစေရန် လုပ်ဆောင်နိုင်ခဲ့ပါသည်။

ထို့အပြင် ဂျပန်ပညာရေးပွဲတော်မကျင်းပမီတစ်ရက်အလိုတွင် ဂျပန်နိုင်ငံမှ လာရောက်ပါဝင်ကြသောအဖွဲ့အစည်း ၁၅ ဖွဲ့ သည် Okayama University Japan Educational Information Center, Myanmar (OJEIC) နှင့် ရန်ကုန်မြို့ရှိ အထက်တန်းကျောင်း၊ တက္ကသိုလ် စသည့်နေရာများသို့ လည်ပတ်လေ့လာခဲ့ကြပြီး OJEIC, MAJA, Japan Culture House တို့ကို ကြည့်ရှုလေ့လာခြင်းအပြင် ရန်ကုန်မြို့ရှိ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားများနှင့်လည်း ဆွေးနွေးဖလှယ်မှုများပြုလုပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးအကြောင်းကို အပြန်အလှန်ပိုမိုသိရှိစေခဲ့ပါသည်။

OJEIC အနေဖြင့် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပညာသင်သွားခြင်း တိုးတက်လာစေရန်အတွက် ဂျပန်ပညာသင်သွားရန်ရည်ရွယ်သူအားလုံးကို ကူညီပံ့ပိုးသွားပါမည်။ ထို့အပြင် ဂျပန်ပညာရေးပွဲတော်တွင်ဝေပေးထားသောအပြာရောင်အိတ်လေးကိုယူပြီး OJEIC သို့လာသောသူများကို OJEIC မှမေတ္တာလက်ဆောင်များပြန်လည်ပေးနေပါသည်။ ပုလဲကွန်ဒိုရောက်တဲ့အခါ OJEIC ကိုလည်း လာရောက်ကြဖို့ဖိတ်ခေါ်ပါတယ်။



တစ်ဦးချင်းဆွေးနွေးပေးသောနေရာတွင် လာရောက်ဆွေးနွေးခဲ့ကြသူများ